# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၈၅)



## လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး တွန်းအားပေး မြှင့်တင်ရမည်

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဦးစားပေးတည်ဆောက်ခဲ့ပြီးဖြစ်ရာ ယခုအခါ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးတို့ကို တွန်းအားပေး မြှင့်တင်ရမည့် အချိန်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

### မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (ဝဲပုံနှင့် အောက်ဆုံးပုံ)

(သတင်းစဉ်)

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ အဓိကအရေးကြီး ရေအားလျှပ်စစ်ထုတ်နိုင်သည့် ရေလှောင်တမံစီမံကိန်းများဆောင်ရွက်ရာ၌ စေတနာထားကြိုးပမ်း နိုင်ငံတော်အတွက်အရေးပါသည့်စီမံကိန်းများ အမြန်ပြီးစီးရေး ဦးစားပေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ***စာမျက်နှာ ၃ ကော်လံ ၃***



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

# ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာ ရှေးဟောင်းပုဂံမြေ နောင်လာနောက်သားများ လေ့လာနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းကြောင်းအရ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ကိုယ်ပိုင်ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသောနိုင်ငံဖြစ်သည်။

မြန်မာတို့သည် လွန်ခဲ့သည့်နှစ်ပေါင်း တစ်ထောင်ကျော်ကာလကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ဘာသာ၊ ကိုယ့်စာပေနှင့် သီးခြားရပ်တည်နေထိုင်ခဲ့သော လူမျိုးဖြစ်သည်။ အရှေ့တောင်အာရှတွင် ယဉ်ကျေးမှုအဆင့်အတန်း အမြင့်မားဆုံး လူမျိုးဖြစ်သည်။

**'လှည်းဝင်ရိုးသံ၊ တည်ည်၊ ပုဂံဘုရားပေါင်း'**ဟု စာဖွဲ့ခဲ့ရသော ပုဂံဘုရားစေတီဟောင်းများ၊ ယင်းတို့၏ အနုပညာလက်ရာများသည် မြန်မာတို့၏ ရှည်လျားလှသော ယဉ်ကျေးမှုခရီးစဉ်ကြီးကို ဖော်ညွှန်းပြသနေသည်။

ပုဂံတွင် မြန်မာတို့၏ အကြီးကျယ်ဆုံးသော ယဉ်ကျေးမှုအဆောက်အအုံကြီးကို ခံ့ညားထည်ဝါစွာ တည်ဆောက်နိုင်ခဲ့သည်။ နှောင်းလူများသည်လည်း ပုဂံကစခဲ့သော ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုများကို လက်ဆင့်ကမ်း ရယူကာ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ကြီးများကို အောင်မြင်စွာ တည်ဆောက်၍ ကမ္ဘာမှာမြန်မာဟေ့ဟု ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ကြသည်။

သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာတို့သည် ကိုယ့်မင်းကိုယ့်ချင်းနှင့် ဝင့်ဝင့်ထည်ထည် နေထိုင်ခဲ့ကြပြီး ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝသို့ ရောက်ရသောအခါ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ တိမ်မြုပ် ပျောက်ကွယ်ခဲ့ရသည်။ သို့သော် မြန်မာတို့သည် မည်သည့်အခြေအနေရောက်ရောက် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိပါးကျဆင်းမသွားရအောင် အစဉ်အဆက်ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်။

ယခုအခါ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော အနော်ရထာမင်းတရားကြီး၏ ပုဂံ ရွှေနန်းတော်ကြီးကို ခိုင်လုံသောအထောက်အထားများ ရှာဖွေသုတေသနပြုပြီး ပြန်လည်တည်ဆောက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာလ ၂၀ရက်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ နန်းမြင့်မျှော်စင်နှင့် နန်းမြင့်မျှော်စင်ဟိုတယ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ပြီး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားရာ၌–

**"ပုဂံရွှေနန်းတော် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ ရှာဖွေဖော်ထုတ် သုတေသနပြု ခဲ့ပြီး သုတေသနပြုရရှိသည့်အချက်များအပေါ် မည်ကဲ့သို့ ညှိနှိုင်းတည်ဆောက်ခဲ့သည်ဆိုသည့် စတင် တည်ဆောက်သည်မှ ပြီးစီးသည်အထိ တည်ဆောက်မှုမှတ်တမ်း၊ ညှိနှိုင်းတွေ့ရှိမှု မှတ်တမ်းမှတ်ရာများကို စနစ်တကျပြည့်စုံအောင်ပြုစုပြီး နောင်တစ်ချိန်တွင် စာအုပ်အဖြစ် ထုတ်ဝေသွားရန်လိုကြောင်း၊ သို့မှသာ ပုဂံရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ခဲ့ရသည့် သမိုင်းအထောက်အထား၊ အတွေ့အကြုံ အထောက်အထားများကို ပြည်သူများ၊ နောင်လာ နောက်သားများအနေဖြင့် ခိုင်ခိုင်လုံလုံလေ့လာသိရှိနိုင်မှာဖြစ်ကြောင်း"**

မှာကြားသွားသည်။

ပုဂံရွှေနန်းတော် တည်ဆောက်ရေး စီမံကိန်းအရ နန်းဆောင် ၁၂ ဆောင်နှင့် လှေကားကြီး ၁၀ စင်းတို့ကို တည်ဆောက်လျက်ရှိသည်။ ယင်းလုပ်ငန်းများအနက် ဇေတဝန်ဆောင် ၂၀ ရာခိုင်နှုန်း၊ တောင်စမုတ်ဆောင် ၁၀၀ ရာခိုင်နှုန်း၊ တောင်စောင်းတန်း ၁၀၀ ရာခိုင်နှုန်း၊ ဇေတဝန်စနုဆောင် ၁၀၀ ရာခိုင်နှုန်း၊ မြောက်စောင်းတန်း ၅၀ ရာခိုင်နှုန်း၊ မြောက်စမုတ်ဆောင် ၅၀ ရာခိုင်နှုန်း၊ ပဋ္ဌပါသာဒရွှေနန်းတော်ကြီး ၅၀ ရာခိုင်နှုန်း၊ ဘိသိက်ဆောင် ၂၀ ရာခိုင်နှုန်း၊ လက်ယာပွဲတက်ဆောင် ၂၀ရာခိုင်နှုန်း၊ သီဟာသနဆောင် ၁၀၀ရာခိုင်နှုန်း၊ လက်ဝဲ ပွဲတက်ဆောင် ၂၀ရာခိုင်နှုန်း၊ အရှေ့စမုတ်ဆောင် ၁၀၀ရာခိုင်နှုန်း ပြီးစီးနေပြီဟုသိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေသို့ ခရီးသည်များ နှစ်စဉ်တိုးတက်လာရောက်လျက်ရှိရာ ယခုနှစ် နိုဝင်ဘာလ အထိ ပြည်ပခရီးသည်၃၆၆၇၈ဦး၊ ပြည်တွင်းခရီးသည် ၂၅၃၀၇ဦး လာရောက်ခဲ့ကြသည်။ နန်းမြင့်မျှော်စင် ဟိုတယ်စီမံကိန်းတွင် တည်းခိုဆောင် ၄၅ လုံး တည်ဆောက်သွားမည်ဖြစ်ပြီး အခန်း ၇၂ ခန်းပါရှိမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် များစုဝေးရာ ပုဂံနယ်မြေတွင်တည်ရှိသော မြန်မာတို့၏သမိုင်းအထောက်အထားများကို နောင်လာနောက်သား များ သိရှိလေ့လာမှတ်သားနိုင်ရန် တည်ဆောက်ရေးလုပ်ငန်းများနှင့် မှတ်တမ်းများ စနစ်တကျ ခိုင်ခိုင် မာမာ ထိန်းသိမ်းစောင့်ရှောက်ပြုစုကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

### တိုယိုတာကားများ တိုးမြှင့်ထုတ်လုပ်မည်

**တိုကျို ဒီဇင်ဘာ ၂၂**

တိုယိုတာမော်တော်ကား ကော်ပိုရေးရှင်းက ယင်းကုမ္ပဏီအုပ်စု၏ ကမ္ဘာလုံးဆိုင်ရာ မော်တော်ကားထုတ်လုပ်မှုကို ရှေ့နှစ်တွင် ကားစီးရေ ၈ဒသမ ၁၂သန်း ထုတ်လုပ်မည်ဖြစ်ကြောင်း တိုယိုတာဥက္ကဋ္ဌ ဖူကျီအိုချိုက အင်္ဂါနေ့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ထုတ်လုပ်မှု စီမံချက်တွင် ဒိုင်ဟက်ဆုမော်တော်ကားကုမ္ပဏီနှင့် ဟီးနိုးမော်တော်ကားကုမ္ပဏီတို့၏ ထုတ်လုပ်မှုပါဝင်ပြီး တိုယိုတာမော်တော်ကား ကုမ္ပဏီသည် ပထမဆုံးအကြိမ် စီးရေ ၈သန်းအထက် ထုတ်လုပ်ရန်ရှိသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

### ကမ္ဘာတစ်ဝန်း တစ်ပိုင်းလျှပ်ကူးဝင်ငွေ ၂၀၀၄ ခုနှစ်၌ ဒေါ်လာ ၂၁၈ဘီလီယံအထိရှိမည်

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၂**

ကမ္ဘာတစ်ဝန်းတွင် တစ်ပိုင်း လျှပ်ကူးပစ္စည်း အရောင်းဝင်ငွေသည် ၂၀၀၄ ခုနှစ်၏ ဒုတိယနှစ်ဝက်၌ ဈေးကွက် နေးကွေးသွားလင့်ကစား ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁၈ဘီလီယံအထိ ရှိမည်ဖြစ်ကြောင်း အဆင့်မြင့် နည်းပညာသုတေသနကုမ္ပဏီက အင်္ဂါနေ့၌ ဖော်ပြသည်။

**ပြောကြား**

တစ်ပိုင်း လျှပ်ကူးပစ္စည်းဈေးကွက်သည် ၂၀၀၄ခုနှစ်၌ ၂၃ ရာခိုင်နှုန်း တိုးမြှင့်နေဆဲရှိမည်ဖြစ်ကြောင်း အဆင့်မြင့် နည်းပညာလုပ်ငန်း၏ ဈေးကွက် သုတေသနလုပ်ငန်းဖြစ်သော ဂါတ်နာက ပြောကြားသည်။

ဥရောပ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်တွင် တစ်ပိုင်းလျှပ်ကူး အရောင်းဝင်ငွေ ၁၉ ဒသမ ၈ ရာခိုင်နှုန်း၊ အမေရိကတိုက် ၁၆ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံက ၁၄ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဂါတ်နာက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

### စင်ကာပူ၌ မူးယစ်သောက်စားယာဉ်မောင်းမှု ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် ချမှတ်မည်

**စင်ကာပူ ဒီဇင်ဘာ ၂၂**

စင်ကာပူနိုင်ငံသည် မူးယစ် ယာဉ်မောင်းခြင်း တိုးပွားများပြားလာမှုကိုလျှော့ကျစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသအဖြစ် အရက်သေစာ သောက်စား၍ ယာဉ်မောင်းခြင်းကို တားမြစ်သွားရေးအတွက် အင်္ဂါနေ့က စတင်ဆောင်ရွက် ခဲ့သည်။ ယင်းကဲ့သို့ အရက်သေစာသောက်စား၍ ယာဉ်မောင်းခြင်းကြောင့် ယာဉ်မတော်တဆ ထိခိုက်ရခြင်း၏အဓိကအကြောင်းအရင်း ဖြစ်သည်ဟု ယုံကြည် ထားကြသည်။

အရက်သောက်သုံး၍ ယာဉ်မောင်းခြင်းကို ကန့်သတ်ချက်များဖြင့် ပိတ်ပင်သွား မည်ဖြစ်ကြောင်း၊ ဘီယာဆိုင်များ၊ ကလပ်များနှင့် စားသောက်ဆိုင်များတွင် အရက်သေစာ သောက်စား၍ ယာဉ်မောင်းခြင်းကို တားမြစ်သည့် ပိုစတာများ ချိတ်ဆွဲထားမည်ဖြစ်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန် သူများအား စင်ကာပူဒေါ်လာ ၁၀၀၀မှ ၅၀၀၀အထိ ဒဏ်ရိုက်ခြင်း သို့မဟုတ် ထောင်ဒဏ် အနည်းဆုံးခြောက်လ ကျခံစေရန် ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

### စီးပွားရေးပူးပေါင်းမှုနှင့် ကုန်သွယ်မှုပမာဏတိုးမြှင့်ရန် အိန္ဒိယလုပ်ငန်းရှင်များအား မလေးရှားက ဗီဇာများထုတ်ပေးမည်

နယူးဒေလီ ဒီဇင်ဘာ ၂၂

**နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အကြီးအကျယ်တိုးမြှင့်ရန်နှင့် ကုန်သွယ်မှုပမာဏကို တိုးမြှင့်ရန် စိတ်အားထက်သန်မှုကို မလေးရှားနိုင်ငံက ထုတ်ဖော်ပြသရာတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအား ပြည်ဝင်ခွင့် ဗီဇာများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံက အင်္ဂါနေ့၌ ကြေညာလိုက်သည်။**

မလေးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံအား မဟာဗျူဟာ ပေါင်းဖော်ဖက်နိုင်ငံအဖြစ် ရှုမြင်ကြောင်းနှင့် နှစ်နိုင်ငံစလုံးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ကော်မတီတစ်ရပ်သည် ပူးပေါင်းဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းကို အသေးစိတ် အဆင့်ဆင့် ပြောင်းလဲသွားမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ပြောကြားသည်။

နယူးဒေလီ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တိုးချဲ့မှုတွင် အိန္ဒိယနိုင်ငံက အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး တောင်းဆိုချက်ကို မိမိထောက်ခံကြောင်း၊ အိန္ဒိယနိုင်ငံသည် အမှန်တကယ်ပင် ဖြစ်ထိုက်သော နိုင်ငံဖြစ်ကြောင်း ဘာဒါဝီက ပြောကြားသည်။

**ဦးစားပေး**

ဝန်ကြီးချုပ် ဘာဒါဝီသည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပြီး မလေးရှားနိုင်ငံက ကုန်သွယ်မှုပမာဏကို တိုးမြှင့်လိုကြောင်း၊ ပညာရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာ၊ သုတေသန၊ ခရီးသွားလုပ်ငန်း၊ ဇီဝနည်းပညာ၊ ဆေးဝါးနှင့် ဆေးဖက်ဝင် အပင်မှ ဆေးဝါးဖော်ထုတ်မှုတို့သည် ဦးစားပေး ပူးပေါင်းဆောင်ရွက်မှုများဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆုံးဖြတ်**

ပြည်ဝင်ခွင့် ဗီဇာများ အလွယ်တကူ ထုတ်ပေးနိုင်ရေးအတွက် မလေးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ပြည်နယ်ကွဲများတွင် ဗီဇာထုတ်ပေးရေးဌာနများကိုထူထောင်ပြီး စီးပွားရေးလုပ်ငန်းရှင်များကို ပြည်ဝင်ခွင့်ဗီဇာများ ထုတ်ပေးသွားရန် ဆုံးဖြတ်ထားကြောင်း ၎င်းက ပြောကြားသည်။ **(ပီတီအိုင်)**

### ကွမ်တုံပြည်နယ်၏ ပြည်တွင်းထုတ်လုပ်မှု၁၀နှစ်အတွင်း စံချိန်တင်

**ကွမ်ကျိုး ဒီဇင်ဘာ ၂၂**

တရုတ်နိုင်ငံ၏ စီးပွားရေး အချက်အချာဒေသများအနက် တစ်ခုဖြစ်သော ကွမ်တုံပြည်နယ်သည် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု(ဂျီဒီပီ) ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၄ဒသမ ၅ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဆယ်နှစ်အတွင်း စံချိန်မြင့်တက်ခြင်းဖြစ်ကြောင်း ပြည်နယ် စာရင်းအင်းဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ယခုနှစ်တွင်(ဂျီဒီပီ)သည် ယွမ် ၁ဒသမ ၆ထရီလီယံကျော်(အမေရိကန်ဒေါ်လာ ၁၉၃ ဘီလီယံ) ရရှိမည်ဟု မျှော်လင့်ပြီး ပုံမှန်ထက် တစ်နှစ်စော၍ (၁၀)ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလ(၂၀၀၁–၂၀၀၅)၏ ရည်မှန်းချက် ပြည့်မီမည်ဟု မျှော်လင့်ထားသည်။

အားလုံးအတွက် တိုးတက်မှုနှုန်းသည် ၁၄ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းကြောင်း စာရင်းအင်းဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# လျှပ်စစ်ကဏ္ဍနှင့်စွမ်းအင်ကဏ္ဍများဖွံ့ဖြိုးရေး တွန်းအားပေးမြှင့်တင်ရမည့်အချိန်ဖြစ် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ ကဏ္ဍအလိုက်အတွေ့အကြုံကောင်းများရရှိထား တစ်ခုပြီးမှတစ်ခုဆောင်ရွက်ခြင်းထက် တစ်ပြိုင်တည်းချိတ်ဆက်၍ အမြန်ပြီးစီးအောင်ဆောင်ရွက်





## ဓာတ်အားပေးစက်ရုံ ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မုန်းချောင်း ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မုန်းချောင်း ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မုန်းချောင်းရေလှောင် တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ရှင်းလင်း တင်ပြစဉ်။**

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌအလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဒီဇင်ဘာ ၂၁ ရက်တွင် မကွေးတိုင်း စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ ဆည်မြောင်း ဦးစီး ဌာနက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် မုန်းချောင်း ရေလှောင်တမံအဆင့်ဆင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး သည်။





## ဖူးရှာရေလှောင်တမံ စီမံကိန်း

- ❑ စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၁၃ မိုင်ခန့်အကွာ ဖူးရှာအနီး မုန်းချောင်းပေါ်၌ ဖူးရှာရေလှောင်တမံစီမံကိန်းကို တည်ဆောက်၊
- ❑ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူဆောင်ရွက်၊
- ❑ ပေ ၃၂၀၀ ရှိ ပင်မတမံနှင့် ပေ ၅၀၀ ရှိ ကုန်းကြောတမံ(၁)၊ ပေ ၅၀၀၀ ရှိ ကုန်းကြောတမံ(၂)တို့ တည်ဆောက်ရမည် ဖြစ်သည်။ တမံအမြင့်ကို ပေ ၂၄၀၊ တမံ၏ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၇၄၀၀၀၀ ရှိမည်၊
- ❑ ဖူးရှာရေလှောင်တမံမှ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀ ထုတ်ယူရရှိမည်။

### ဖူးရှာရေလှောင်တမံကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၁၃မိုင်ခန့်အကွာဖူးရှာအနီးမုန်းချောင်း ပေါ်၌တည်ဆောက်လျက်ရှိသည့် ဖူးရှာရေလှောင်တမံတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် နံနက် ၁၁ နာရီခွဲတွင် မကွေးမြို့မှတစ်ဆင့် အဆိုပါစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ယာယီရှင်းလင်း ဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦးက ဖူးရှာရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ စီမံကိန်းရှိဝန်ထမ်းအင်အား၊ အသုံးပြုလျက်ရှိသည့် စက်ယန္တရား များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော် စန်ဝင်းက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိမှုနှင့် ဖြည့်ဆည်း ပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စီမံကိန်း အတွက် စက်သုံးဆီ ပံ့ပိုးဖြည့်ဆည်းပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရေအားလျှပ်စစ် စက်ပိုင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၄ ကော်လံ ၁ သို့*





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကြီးအုံ-ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့သည် အဓိကအရေးကြီးသည့်ကဏ္ဍများဖြစ်ကြောင်း။

**တွန်းအားပေးမြှင့်တင်**

မိမိတို့အနေဖြင့် တိုင်းပြည်၏ တာဝန်များကိုရယူပြီးနောက် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက် အအုံများ၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးဆိုင်ရာအခြေခံအဆောက် အအုံများကို ဦးစားပေးတည်ဆောက်ခဲ့ပြီးဖြစ်ရာ ယခုအခါ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးတို့ကို တွန်းအားပေးမြှင့်တင်ရမည့် အချိန်ဖြစ်ကြောင်း။

ထို့ကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေလှောင်တမံစီမံကိန်း များကိုဆောင်ရွက်ရာ၌ နိုင်ငံတော်အတွက် စေတနာထား၍ တွန်းအားပေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ရေလှောင်တမံနှင့် ရေအား လျှပ်စစ်တည်ဆောက်ရေးတို့၌လည်း ယခုအခါမိမိတို့၏ အင်ဂျင်နီယာများ အနေဖြင့် အတွေ့အကြုံများစွာ ရရှိထားကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော် တစ်ရပ်လုံးကို အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်၍လည်း စက်သုံးဆီ၊ ဘိလပ်မြေအပါအဝင် လိုအပ်သည့်ပံ့ပိုးဖြည့်ဆည်းမှုများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနေရမှာဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် အတွေ့အကြုံကောင်းများရရှိထားပြီးဖြစ်၍ တစ်ခုပြီးမှ တစ်ခုဆောင်ရွက်ခြင်းထက် တစ်ပြိုင်တည်းချိတ်ဆက်၍ နိုင်ငံတော်အတွက် အရေးပါသည့် စီမံကိန်းလုပ်ငန်းများကို ဖြစ်နိုင်သမျှ အမြန်ပြီးစီးအောင် ဦးစားပေး စီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကွေးတိုင်း စေတုတ္တရာမြို့နယ် ဖူးရွာအနီးရှိ ဖူးရွာရေလှောင်တမံ ယာယီရှင်းလင်း ဆောင်၌ ဖူးရွာရေလှောင်တမံစီမံကိန်းနှင့် စပ်လျဉ်းသည့် မြေပုံကားချပ် များကို ကြည့်ရှု၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)



ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဖူးရွာရေလှောင် တမံစီမံကိန်းနှင့် စပ်လျဉ်းသည့် မြေပုံကားချပ်များကိုလည်းကောင်း၊ စက်ယန္တရား များဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှု စစ်ဆေးကြသည်။

ဖူးရွာရေလှောင်တမံစီမံကိန်းအရ ပေ ၃၂၀၀ ရှိ ပင်မတမံနှင့် ပေ၅၀၀ရှိ ကုန်းကြောတမံ(၁)၊ ပေ ၅၀၀၀ရှိ ကုန်းကြောတမံ(၂)တို့ကို တည်ဆောက် သွားရမည်ဖြစ်သည်။ တမံအမြင့်ကို ပေ ၂၄၀ အမြင့်အဖြစ် တည်ဆောက်ပြီး တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၇၄၀၀၀၀ရှိမည်ဖြစ်သည်။

**ရေလှောင်အားပိုမိုကောင်းလာမည်**

မုန်းချောင်းပေါ်၌ တည်ဆောက်မည့် ဖူးရွာရေလှောင်တမံမှ ရေအား လျှပ်စစ်မဂ္ဂါဝပ် ၆၀ ထုတ်ယူရရှိမည်ဖြစ်ပြီး မုန်းချောင်းရေလှောင်တမံသို့ လည်း ရေကိုထိန်းညှိကူလွှတ်ပေးသွားနိုင်မည်ဖြစ်ရာ မုန်းချောင်းဘက်စုံ ရေလှောင်တမံ၌ ရေလှောင်အား ပိုမိုကောင်းလာမည်ဖြစ်သည်။

ဖူးရွာရေလှောင်တမံ စီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက် ရေး(၈)က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖူးရွာရေလှောင်တမံ စီမံကိန်းမှ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များ ဖြင့် ရောက်ရှိကြရာ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းဦး၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးမြင့်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ လုပ်ငန်းများပြီးစီး၍ မကြာမီရက်ပိုင်းတွင် ဖွင့်ပွဲအခမ်းအနား ကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် တမံစီမံကိန်း ပြီးစီးမှု ကြောင့် နွေစပါးဧက ၇၄၀၀၀ အထိ တိုးချဲ့စိုက်ပျိုးလာနိုင်မည့် အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက မုန်းရေလှောင် တမံအခြေအနေ၊ မန္တလေးတိုင်း ဆည်တော်ကြီးရေကူကန်တည်ဆောက်ရေး စီမံကိန်းတို့ လေ့လာတိုင်းတာပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှာကြား**

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တို့က မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားလမ်းညွှန်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မော်တော် ယာဉ်များဖြင့် ပင်မတမံနှင့် တမံအတွင်း ရေသိုလှောင်ထားနိုင်မှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ရေလျှံထိန်းစည်နှင့် ရေလျှံထိန်းစည်ပတ်ဝန်းကျင် မြင်ကွင်းကို ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် Power Intake အဆောက်အအုံကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

## ကြီးအုံ-ကြီးဝရေလှောင်တမံဘက်စုံစီမံကိန်း

- ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်၏အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်း၌ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်တည်ဆောက်နေ၊
- ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်လျက်ရှိ၊
- ရေလှောင်တမံပြီးစီးပါက မဲဇလီရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၉၆၇၇၇ ကို မိုးစပါးအတွက် ရေအလုံအလောက် ပေးနိုင်မည်ဖြစ်သည့်အပြင် နွေစပါးဧက ၇၄၀၀၀ ကျော် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ တွဲဖက်ထုတ်ယူရရှိမည်ဖြစ်။

# တပ်မတော်သားများကာကွယ်ရေးတာဝန်အပြင် တည်ဆောက်ရေးပါဆောင်ရွက်နေ တပ်မတော်၊ ပြည်သူနှင့် အစိုးရလက်တွဲညီ၍ ယခင်ကထက်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လျက်ရှိ မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်သူလူထုနှင့်လက်တွဲကြိုးပမ်း





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း မကွေးမြို့ ဒေသခံတပ်ရင်း အောင်နိုင်ဟိန်းခန်းမ၌ မကွေးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၃

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် မကွေးတပ်နယ်မှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား မကွေးတပ်နယ်ခန်းမ၌ တွေ့ဆုံမှာကြားသည်။**

## တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုယိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မကွေးတပ်နယ်မှ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဤသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပဏာမရှင်းလင်းပြောကြားသည်။

## အားသွန်ခွန်စိုက်ဆောင်ရွက်

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်ကို အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊တပ်မတော်သားများအနေဖြင့် တစ်ဖက်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ကျေပွန်စွာ ထမ်းဆောင်နေသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကို ဆောင်ရွက်နေကြရကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တပ်မတော်၊ ပြည်သူလူထုနှင့် အစိုးရတို့ လက်တွဲညီညီဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူလူထုနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးကို အထောက်အကူပြုစေမည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တက်ရောက်လာကြသော အရာရှိစစ်သည်များ၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မကွေးမြို့ ဒေသခံတပ်ရင်း အောင်နိုင်ဟိန်းခန်းမ၌ မကွေးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

ဆက်လက်၍ အမှတ်(၁)ရေပိုလ္လွဲနှင့် အမှတ်(၂)ရေပိုလ္လွဲတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မုန်းချောင်းရေအားလျှပ်စစ်စခန်းအားပေးစက်ရုံသို့ ရောက်ရှိကြပြီး Central Control Room ကို ကြည့်ရှုစစ်ဆေးကြသည်။

## သစ်သီးခြင်းလက်ဆောင်ပေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ Mr.Wang အား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် Generator စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ဧက ၁၀၈၀၀၀ သို့ စိုက်ပျိုးရေပေးဝေနိုင်ပြီး လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်းကြီးဖြစ်သည်။

## ကြီးအုံ–ကြီးဝရေလှောင်တမံ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်၏အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်း၌ ထပ်မံတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ကြီးအုံ–ကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကြီးအုံ–ကြီးဝ ရေလှောင်တမံဘက်စုံတည်ဆောက်ရေး စီမံကိန်းအကောင်အထည်ဖော်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်တို့က လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ပွင့်ဖြူမြို့နယ်အတွင်း မုန်းဆည်ရေဖြင့် တိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ဖိဖိစီးစီးဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး စီမံကိန်းကို သတ်မှတ်လျာထားပေးသည့်ကာလအတွင်း ပြီးစီးအောင် ဖိဖိစီးစီး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှုရပ်မှ ကြည့်ရှုကြသည်။

## မဂ္ဂါဝပ် ၇၀ ထုတ်ယူနိုင်

ကြီးအုံ–ကြီးဝ ရေလှောင်တမံပြီးစီးပါက မဲဇလီ ရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၉၆၇၇၇ ဧကကို မိုးစပါးအတွက် ရေအလုံအလောက် ပေးနိုင်မည်ဖြစ်သည့်အပြင် နွေစပါးဧက ၇၄၀၀၀ ကျော်အတွက်လည်း စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ လည်း တွဲဖက်ထုတ်ယူရရှိမည်ဖြစ်သည်။

## မြဝတီရုပ်မြင်သံကြား

**၂၄–၁၂–၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Judicial System In Myanmar (ပထမနှစ်) ဥပဒေပညာအထူးပြု
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ **“ထူးခြားသောကလေးငယ်”** ကာတွန်းဇာတ်လမ်း
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကြယ်တစ်ပွင့်ရဲ့ ဒိုင်ယာရီ”** (အပိုင်း–၁၀)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နဲ့ ရန်နိုင်ဓား”** (အပိုင်း–၃၂)

## မဂ္ဂါဝပ် ၂၀၀ ကျော် ထုတ်ယူနိုင်

မုန်းချောင်းရေလှောင်တမံအဆင့်ဆင့် တည်ဆောက်ရေးစီမံကိန်းအရ ဖူးရှာရေလှောင်တမံ စီမံကိန်း၊ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ကြီးအုံ–ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပြီး ဖူးရှာရေလှောင်တမံ စီမံကိန်းနှင့် ကြီးအုံ–ကြီးဝရေလှောင်တမံ စီမံကိန်းတို့ကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နေရာ စီမံကိန်းနှစ်ခုလုံး ထပ်မံပြီးစီးပါက မုန်းချောင်းတစ်လျှောက် ရေလှောင်ထိန်းသိမ်းနိုင်အားကောင်းပြီး စိုက်ပျိုးရေးအတွက် ရေသေချာမှုဖြစ်သကဲ့သို့ ရေအားလျှပ်စစ်ဓာတ်အား ပမာဏစုစုပေါင်း မဂ္ဂါဝပ် ၂၀၀ ကျော်ထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကြီးအုံ–ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ရဟတ်ယာဉ်များဖြင့် မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည် ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ထူးချွန်ကျောင်းသားများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြစဉ်။** (သတင်းစဉ်)





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

● *ကျောဖုံးမှ*

## အစည်းအဝေးတက်ရောက်

ယင်းနောက် ညှိနှိုင်းအစည်းအဝေးသို့ ကရင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိ မြို့ဖများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ကျောင်းသားကျောင်းသူများနှင့် ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ကို ဖွဲ့ကပင်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်မောင်မယ်များက **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

## ဆွေးနွေးဆုံးဖြတ်

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောထားလုံက အမှာ

မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ကြရမည့် မျိုးဆက်သစ်လူငယ်များဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များကို အမြဲတစေထားပြီး ဖွဲ့စည်းပါကြောင်း၊ လူငယ်များစိတ်ဓာတ်မြင့်မားကြံ့ခိုင်ရေး၊ စွမ်းရည်သုံးရပ်မြင့်မားရေးတို့ကိုလည်း လေ့ကျင့်ပျိုးထောင်ပေးပြီး အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက် (၁၂)ရပ်ကို ဦးထိပ်ပန်ဆင်ပြီး စဉ်ဆက်မပြတ် လက်ဆင့်ကမ်း တာဝန်ယူနိုင်ရန်အတွက် ဆောင်ရွက်နေသည့် အသင်းကြီးဖြစ်ကြောင်း။

စကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးကြီးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)က ချမှတ်လိုက်သည့် ဦးတည်ချက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကြီးဖြစ်ကြောင်း၊ ဇဟိုနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)က ချမှတ်လိုက်သည့် အသင်းကြီး၏ ဦးတည်ချက်(၇)ရပ်အပေါ် အဓိကထားပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးတည်ဆွေးနွေးခဲ့ကြသကဲ့သို့ သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)က ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို မိမိတို့ ကရင်ပြည်နယ်အသင်းက လက်တွေ့ကျကျ အောင်မြင်မှုရရှိအောင် မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြရမည် ဖြစ်ကြောင်း။

## အကောင်အထည်ဖော်နေပြီ

ယနေ့ မိမိတို့၏ အမိမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်နေပြီး ဖြစ်ကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံသည့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတိုးတက်ခိုင်မြဲအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး အမျိုးသားပညာရည်မြင့်မားရေးအတွက်လည်း တစိုက်မတ်မတ် ဆောင်ရွက်ပေးနေပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးအဖြစ် တည်ဆောက်ရာတွင် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသပါမကျန်စေရအောင် နိုင်ငံတော်တစ်နံတစ်လျား၌ အကြားအလပ်မရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ယင်းကဲ့သို့ဆောင်ရွက်ရာတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းအတွက် ဆောင်ရွက်ပေးနေခြင်း မဟုတ်ဘဲ နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးအတွက် မှန်ကန်မွန်မြတ်သော စိတ်ရင်းစေတနာမှန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ထင်ထင်ရှားရှားတွေ့မြင်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ကိုလတ်က ဆွေးနွေးတင်ပြသည်။

ထို့နောက် ကရင်ပြည်နယ်အတွင်းဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန့်စန်းစန်းဝေက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ရှေးဦးစွာ ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အလုပ်အမှုဆောင် ဒေါ်နော်ချိုချိုညွန့်က ထောက်ခံဆွေးနွေးသည်။

## ထောက်ခံဆွေးနွေး

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ကော့ကရိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အလုပ်အမှုဆောင် ဦးစောထွန်းခေါင်လွင်က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်း အစီအစဉ်များကို မြဝတီခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အလုပ်အမှုဆောင် ဦးမောင်မောင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ထူးချွန်လူငယ်များအား ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ကော်မတီဝင် ဗိုလ်ကြီးသီဟ (အငြိမ်းစား)၊ ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်

*စာမျက်နှာ ၇ ကော်လံ ၁*

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောထူးကပေါ်က ဆွေးနွေးတင်ပြသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကရင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သဘာပတိ ကရင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောထားလုံအဖွင့်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ဦးတည်ချက်(၇)ရပ်ဆွေးနွေးတင်ပြ

**ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောထူးကပေါ်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



24-12 (06).p65 1 3/27/05, 7:39 PM